ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
K 100

တရားမပုံစံအမှတ် ၆၂

စီရင်ချက်

ဇလွန်မြို့နယ်တရားရုံး၌

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄

၂၀၁၆ ခုနှစ်၊အောက်တိုဘာလ ၂၈ ရက်နေ့

ဦးစိုးဝင်း ၁။ကိုမျိုးဝင်း
၂။ဦးကြည်လင်
(တရားလို) (တရားပြိုင်များ)

တရားလိုအတွက်။ဦးအုန်းသန်း(အထက်တန်းရှေ့နေ)
တရားပြိုင်များအတွက်။ဦးသန်းတင်(တရားလွှတ်တော်ရှေ့နေ)

**စီရင်ချက်**

အမှုမှာ ဇလွန်မြို့၊လမ်းမတော်မြောက်ရပ်ကွက်နေ တရားလိုဦးစိုးဝင်းက ဇလွန်မြို့နယ်၊ရေလယ်သောင်ကျေးရွာနေ တရားပြိုင်များဖြစ်သော ကိုမျိုးဝင်း၊ ဦးကြည်လင်တို့သားအဖနှစ်ဦးအပေါ် ကြိုတင်ဝယ်ယူထားသည့် တစ်တင်းခွဲပါသော ပြောင်းဆန် ၅၆၆၀ အိတ်၏တန်ဖိုးငွေ ၅၈၉၇၅၉၀၀ိ/အနက်မှပြောင်းဆန်အိတ် ၄၈၆၇ အိတ်၏တန်ဖိုးငွေ ၅၀၄၅၅၁၁၅ဝိ/-ပေးသွင်းပြီး ကျန်ရှိနေသည့် ပြောင်းဆန် ၇၉၃ အိတ် သို့မဟုတ် ယင်း၏တန်ဖိုးငွေ ၈၅၂၀၇၈၅ိ/-ရလိုကြောင်းစွဲဆိုထားခြင်းဖြစ်သည်။

တရားလိုက အဆိုလွှာတင်သွင်းပြီးနောက် ၁၈. ၉. ၁၄နေ့တွင် ပြင်ဆင်အဆိုလွှာတင်သွင်းခဲ့သည်။ယင်းအဆိုလွှာအရ တရားလိုနှင့်တရားပြိုင်များသည်ခင်မင်ရင်းနှီးကြောင်း၊၎င်းမှာ ပဲမျိုးစုံနှင့်ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊တရားပြိုင်များမှာ ပြောင်းဆန်ကိုဝယ်ယူပြီး၎င်းထံ ပေးသွင်းရောင်းချသည့်အလုပ်ကိုလုပ်ကိုင်သူများဖြစ်ကြောင်း၊၁၃၇၆ ခုနှစ်၊ကဆုန်လဆန်း (၇)ရက်နေ့၊၅. ၅. ၁၄ နေ့တွင် တရားပြိုင်များ၎င်းထံရောက်လာပြီး တစ်တင်းခွဲပါသော ပြောင်းဆန် ၁၀၀၀ အတွက်ကြိုတင်ငွေရယူလိုကြောင်း ပြောဆိုသည်ကို ၎င်းက သဘောတူလက်ခံကာ တစ်တင်းပါသော ပြောင်ဆန် ၁၀၀၀အိတ်အား ပိဿာ ၂၀တစ်တင်းလျှင် တန်ဖိုး ၆၄၅ဝိ/-ဖြင့်ပြောင်းဆန်အိတ် ၁၀၀၀အတွက် ၉၉၉၀၇၅ဝိ/-တရားပြိုင်များလက်ဝယ်သို့ ကြိုတင်ပေးလိုက်ကြောင်း၊၁၃၇၆ခုနှစ် ကဆုန်လဆန်း ၉ ရက်နေ့တွင်တရားပြိုင်များ၎င်းထံရောက်လာကာ တစ်တင်းခွဲပါသော ပြောင်းဆန် ၁၃၀၀အိတ်အတွက်ကြိုတင်ငွေရယူလိုကြောင်း ပြောသည့်အတွက် ၎င်းက တစ်တင်းခွဲပါသော ပြောင်းဆန် တစ်အိတ်၏တန်ဖိုး ၆၅၀ဝိ/-ဖြင့် ပြောင်းဆန် ၁၃၀၀အိတ်အတွက် ကြိုတင်ငွေ ၁၃၀၈၇၇၅ဝိ/-ကို တရားပြိုင်များလက်ဝယ်သို့ပေးအပ်လိုက်ကြောင်း၊၁၃၇၆

ခုနှစ်၊ကဆုန်လဆုတ် (၆)ရက်၊၁၉. ၅. ၁၄နေ့တွင် တရားပြိုင်များ၄င်းထံထပ်မံရောက်လာပြီး တစ်တင်းခွဲပါသော ပြောင်းဆန် ၆၀၀အိတ်အတွက် ကြိုတင်ငွေရလိုကြောင်း ပြောသည့်အတွက် ၄င်းက ပြောင်းဆန် ပိဿာ ၂၀ တစ်တင်းလျှင် ၆၇၀၀ိ/-ဖြင့် ပြောင်းဆန် ၆၀၀အိတ်အတွက်ကြိုတင်ငွေ ၆၁၉၄၀၀၀ိ/- ကိုတရားပြိုင်များသို့ ပေးလိုက်ကြောင်း၊ကဆုန်လဆုတ် (၉)ရက်နေ့၊၂၂. ၅. ၁၄နေ့တွင် တရားပြိုင်များသည် ၄င်းထံထပ်မံရောက်လာကာ ၄င်းတို့ပေးသွင်းရန်ရှိသည့် ပြောင်းဆန် ၄၀၀အိတ်အတွက် ကြိုတင်ငွေရယူလိုကြောင်းပြောသဖြင့် ၄င်းက ပိဿာ ၂၀တစ်တင်းလျှင် ၆၇၀၀ိ/- ဈေးနှုန်းဖြင့် ပြောင်းဆန် ၄၀၀အိတ်အတွက် ကြိုတင်ငွေ ၄၁၄၉၈၀၀ိ/-တရားပြိုင်များ လက်ဝယ်သို့ပေးအပ်လိုက်ကြောင်း၊နယုန်လဆန်း (၂)ရက်နေ့၊၃၀. ၅. ၁၄နေ့တွင် တရားပြိုင်များရောက်လာကာ ပြောင်းဆန် တစ်တင်းခွဲပါသော ၁၁၆၀အိတ်အတွက် ကြိုတင်ငွေရလိုကြောင်းပြောသဖြင့် ပြောင်းဆန် ပိဿာ ၂၀တစ်တင်းလျှင် ၇၀၀၀ိ/- ဖြင့် ပြောင်းဆန် ၁၁၆၀အိတ်အတွက် ၁၂၅၆၈၆၀၀ိ/-ကိုတရားပြိုင်များသို့ ပေးအပ်လိုက်ကြောင်း၊နယုန်လဆန်း (၆)ရက်၊၃. ၆. ၁၄နေ့တွင် တရားပြိုင်များထပ်ရောက်လာပြီး တစ်တင်းခွဲပါသောပြောင်းဆန် ၁၈၈၀အိတ်တွက်ကြိုတင်ငွေရလိုကြောင်းပြောသဖြင့် ပိဿာ ၂၀ တစ်တင်းလျှင် ၇၀၀၀ိ/ဖြင့်ပြောင်းဆန် ၁၀၀၀အိတ်အတွက် ငွေ ၁၀၉၈၅၀၀၀ိ/-တရားပြိုင်များလက်ဝယ်သို့ပေးလိုက်ကြောင်း၊နယုန်လဆန်း ၉ ရက်နေ့ တွင်တရားပြိုင်များက ၄င်းတို့ထံရောင်းရန်ရှိသည့် ပြောင်းဆန်ပိဿာ ၂၀ တစ်တင်း လျှင် ၂၀၀အိတ်အတွက်ကြိုတင်ငွေရလိုကြောင်းပြောသဖြင့် ပြောင်းဆန် ပိဿာ ၂၀ တစ်တင်းလျှင် ၇၀၀၀ိ/-ဖြင့် ပြောင်းဆန် ၂၀၀အိတ်၏တန်ဖိုး ၂၀၀၀၀၀ိ/-အား တရားပြိုင်များလက်ဝယ်သို့ပေးအပ်ခဲ့ကြောင်း၊ကဆုန်လဆန်း(၇)ရက်၊(၅. ၅. ၁၄)မှ နယုန်လဆန်း (၉)ရက်၊(၆. ၆. ၁၄)နေ့ထိ ၄င်းထံ (၇)ခေါက်ရောက်လာပြီးပြောင်းဆန် တစ်တင်းခွဲပါသော ပြောင်းဆန်အိတ်ပေါင်း ၅၆၆၀အိတ်တန်ဖိုး ၅၈၉၇၅၉၀ိ/-ကို ကြိုတင်ငွေအဖြစ် ယူသွားပြီးနောက် ကဆုန်လဆန်း(၅)ရက်၊(၃. ၅. ၁၄)မှ နယုန်လဆန်း (၄)ရက်၊၁. ၆. ၁၄နေ့ထိ တစ်တင်းခွဲပါသော ပြောင်းဆန် ၄၈၇၆အိတ် တန်ဖိုး ၅၀၄၅၅၁၁၅/-ကို၄င်းထံပေးသွင်းခဲ့သည့်အတွက် တရားပြိုင်များထံတွင် တစ်တင်းခွဲပါသော ပြောင်းဆန် ၇၉၃အိတ် သို့မဟုတ် ယင်းတန်ဖိုး ၈၅၂၀၇၈၅/- အား ရရန်ကျန်နေကြောင်း၊ထိုငွေကို ၅. ၆. ၁၄နေ့ နောက်ဆုံးထားပေးမည် ကတိပြု ခဲ့သော်လည်း လာရောက်ပေးဆပ်မှုမပြုကြောင်း၊၈. ၆. ၁၄နေ့တွင်တရားပြိုင်များနှင့် တွေ့ဆုံတောင်းသော်လည်း မပေးသဖြင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း၊ပြောင်းဆန် တစ်တင်းခွဲပါသော ၇၉၃အိတ်၏ တန်ဖိုးငွေ၈၅၂၀၇၈၅/-အားရလိုကြောင်းဖြင့်အဆို ပြုတရားစွဲဆိုသည်။

တရားမကြီးမှုအမှတ် ၃၄/၂၀၁၄ စီရင်ချက်အဆက်စာမျက်နှာ ၃

တရားပြိုင်များက တရားလိုနှင့်အရောင်းအဝယ်ပြုသူမှာ (၁)တရားပြိုင် တစ်ဦးတည်းသာဖြစ်ပြီး(၂)တရားပြိုင်ဦးကြည်လင်မပါကြောင်း၊(၁)တရားပြိုင်သည် ပြောင်းဆံများဝယ်ယူပြီး ရေလယ်သောင်ရှိ တရားလို၏ဂိုဒေါင်သို့အပ်ပေးရာ တရားလို ၏အလုပ်သမားများက လက်ခံရယူကြောင်း၊(၉. ၄. ၁၄)မှ (၁. ၆. ၁၄)နေ့ထိ အပ် ပေးခဲ့သော ပြောင်းဆံအိတ်များမှာ ၇၆၈၈အိတ်ဖြစ်ကြောင်း၊(၁)တရားပြိုင်သည် အပ် ထားသောပြောင်းဆံအိတ်တန်ဖိုးကို ဇလွန်မြို့ တရားလို၏ပွဲရုံတွင်ငွေထုတ်ယူရကြောင်း (၁၂. ၄. ၁၄)နေ့တွင် ပြောင်းဆံ ၄၃၀အိတ်။၂၂. ၄. ၁၄နေ့တွင် ပြောင်းဆံ ၄၀၀ အိတ် ၊၂. ၅. ၁၄နေ့တွင် ပြောင်းဆံ ၁၀၀၀အိတ်နှင့် လက်ငင်း ၉၁အိတ်တို့ရောင်းချ ခဲ့သဖြင့် စုစုပေါင်း ၁၉၂၁အိတ်ဖြစ်ကြောင်း၊ထိုသို့ရောင်းချခြင်း၊ငွေရှင်းခြင်းနှင့် ပတ် သက်သော ဘောက်ချာအမှတ် ၁၊၂၊၃ တို့ကိုချေလွှာနှင့်အတူပူးတွဲတင်ပြပါကြောင်း၊ ၅. ၅. ၁၄နေ့က(၁)တရားပြိုင်မှ တရားလိုထံကကြိုတင်ငွေထုတ်ယူခြင်းမဟုတ်ကြောင်း (၁)တရားပြိုင်က ပြောင်းဆံအိတ် ၁၀၀၀အိတ်အပ်နှံပြီးသင့်ငွေနှင့်အလုပ်သမားခ၊ပွဲခ စုစုပေါင်း ၉၉၉၀၇၅၀ိ/-ထုတ်ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ပြေစာအမှတ်(၄)ကိုပူးတွဲတင် ပြထားကြောင်း၊၇. ၅. ၁၄နေ့တွင် (၁)တရားပြိုင်က ပြောင်းဆန်အိတ် ၁၃၀၀အပ်နှံ ပြီး ငွေထုတ်ရာတွင် တရားလိုက ၁၀၀၀၀၀၀၀ိ/ထုတ်ပေးခြင်းဖြစ်ကြောင်း၊၁၂. ၅. ၁၄ နေ့တွင် ငွေ ၃၀၀၀၀၀၀ိ/-ထပ်မံထုတ်ပေးသဖြင့် တရားလိုထံတွင် (၁)တရားပြိုင်က ၈၇၇၅၀ိ/-ရရန်ကျန်ကြောင်း၊ပြေစာအမှတ် (၅)ကိုတင်ပြပါကြောင်း၊၁၉. ၅. ၁၄နေ့တွင် (၁)တရားပြိုင်က ပြောင်းဆံအိတ် ၆၀၀အိတ်အတွက် ကြိုတင်ငွေထုတ်ယူခြင်းမဟုတ် ကြောင်း၊၁၄. ၅. ၁၄နေ့တွင်အပ်နှံသော ပြောင်းဆံအိတ် ၄၀၀အတွက် ၄၀၀၀၀၀၀ိ/- ၁၈. ၅. ၁၄နေ့တွင်အပ်နှံသော ပြောင်းဆံအိတ် ၂၀၀အတွက် ၁၅၀၀၀၀၀ိ/- ၊၁၉. ၅. ၁၄နေ့တွင်ကျန်ငွေ ၆၉၄၀၀၀ိ စုစုပေါင်း ၆၁၉၄၀၀၀ိ/-ကို ၁၉. ၅. ၁၄နေ့ တွင်မှအပြေအကြေပေး၍ပြေစာဖြတ်ပေးခြင်းဖြစ်ကြောင်း၊ပြေစာအမှတ်(၆)ကို ပူးတွဲ တင်ပြပါကြောင်း၊၂၂. ၅. ၁၄နေ့တွင် (၁)တရားပြိုင်က ပြောင်းဆံအိတ် ၄၀၀ အတွက် ငွေထုတ်ရာ ၂၂. ၅. ၁၄နေ့တွင် ၄၀၀၀၀၀၀ိ/-သာထုတ်ပေးပြီး ၃၀. ၅. ၁၄နေ့တွင် မှ ကျန်ငွေ ၁၅၀၀၀၀ိ/-ကိုထုတ်ပေးခြင်းဖြစ်ကြောင်း၊ပြေစာ(၇)ကိုပူးတွဲတင်ပြကြောင်း၊ ၂၆. ၅. ၁၄နေ့တွင်(၁)တရားပြိုင်က ပြောင်းဆံ ၁၁၆၀အိတ်အပ်နှံပြီး ငွေထုတ်ရာတွင် ၂၆. ၅. ၁၄နေ့တွင် ၃၅၀၀၀၀၀ိ/-၊၃၀. ၄. ၁၄နေ့တွင် ၉၀၆၈၆၀ိ/စုစုပေါင်း ၁၂၅၆၈၆၀ိ/-ကို ၃၀. ၅. ၁၄နေ့စွဲဖြင့် ပြေစာဖြတ်ပေးခြင်းဖြစ်ကြောင်း၊ပြေစာ အမှတ်

တိုက်ဆိုင်စစ်ဆေးရာ

တာဝန်ခံမိတ္တူ။

ရေးကူးသူ

(ဦးအောင်ဆန်းဦး)

စာကြီးတန်းစာရေး

ဇလွန်မြို့နယ်တရားရုံး

(ဇေနည်ထက်အောင်)

အခွင့်ရအရာရှိ

ဇလွန်မြို့နယ်တရားရုံး

တိုက်ဆိုင်စစ်ဆေးရာ မှန်ကြောင်းတာဝန်ယူသည်

တာဝန်ခံမိတ္တူ

ရေးကူးသူ

တကိုမှုတွဲတင်ပြပါကြောင်း၊ ၂. ၆. ၁၄နေ့တွင် (၁)တရားပြိုင် က ပြောင်းဆံအိတ် ၁၀၀၀အိတ်အပ်နှံရာတွင် တရားလိုက ၄၀၀၀၀၀၀ိ/-၊၃. ၆. ၁၄နေ့ တွင် ၆၈၉၅၀၀၀ိ/-စုစုပေါင်း ၁၀၉၈၅၀၀၀ိ/-ကို ပြေစာဖြတ်ခြင်းဖြစ်ပြီးပြေစာအမှတ် ၉ ဖြစ်ကြောင်း၊၆. ၆. ၁၄နေ့တွင် (၁)တရားပြိုင်က ပြောင်းဆံအိတ် ၂၀၀ပေးအပ်ပြီး ငွေထုတ်ရာတွင် ၂၀၀၀၀၀၀ိ/-သာပေးသဖြင့် ထိုနေ့အတွက် တရားလိုထံတွင်(၁)တရားပြိုင်က ၁၆၇၀၀၀ိ/ရရန်ကျန်ကြောင်း၊(၁)တရားပြိုင်သည် တရားလိုထံသို့ ၂၈. ၄. ၁၄နေ့မှ ၁. ၆. ၁၄နေ့ထိ ပြောင်းဆံ ၇၆၈၈အိတ်အပ်နှံခဲ့ရာ ပြေစာအမှတ် ၁၊၂၊၃ ၊၁၈၃၀အိတ်နှင့်လက်ငင်းရောင်းချသည့် ၉၁အိတ် စုစုပေါင်း ၁၉၂၁ အိတ်ဖြစ်ကြောင်း၊ကျန်ရှိသည့်ပြောင်းဆံများကို ပြေစာအမှတ် ၄၊၅၊၆၊၇၊၈၊၉နှင့် ၆. ၆. ၁၄နေ့အိတ် ၂၀၀ပေါင်းပါက ၅၆၆၀အိတ်ဖြစ်ကြောင်း၊ပြေစာအမှတ် ၁၊၂၊၃ အပါအဝင်ရောင်းချခဲ့သော ၁၉၂၁အိတ်နှင့်ပေါင်းပါက (၁၉၂၁+၅၆၆၀=၇၅၈၁)အိတ်ဖြစ်ကြောင်း၊ထို့ကြောင့် (၁)တရားပြိုင်အပ်နှံထားသော ပြောင်းဆံ ၇၆၈၈အိတ်တွင်အထက်ပါရောင်းချပြီးသည့် ၇၅၈၁အိတ်ကိုနုတ်ပါက (၇၆၈၈-၇၅၈၁=၁၀၇)အိတ်တရားလိုထံတွင် ကျန်ကြောင်း၊ အဆိုပါ ၁၀၇အိတ်အား ကာလတန်ဖိုး ၁၂၀၀ိ/နှင့်တွက်ပါက ၁၂၈၄၀၀ိ/ရရန်ကျန်ကြောင်း၊ထို့အပြင် ပြေစာအမှတ် (၅)တွင်ရရန်ကျန်သည့် ၈၇၇၅ိ/-၊၆. ၆. ၁၄နေ့တွင်ကျန်သည့် ၁၆၇၀၀၀ိ/-စုစုပေါင်း ၁၅၃၈၇၅ိ/-ရရန်ကျန်ကြောင်း၊တရားလိုက (၁)တရားပြိုင်အမှန်တင်ပို့သည့် ပြောင်းဆံအိတ်စာရင်းများကိုထိန်ချန်၍ ပြောင်းဆံအိတ်များပေးသွင်းရန်လိုကြောင်းအဆိုပြုခြင်းဖြစ်ကြောင်း၊ပြောင်းဆံအိတ်များပေးသွင်းခြင်း၊ငွေထုတ်ခြင်းများနှင့်ပတ်သက်၍ တရားလိုနှင့်၄င်းမှာ နှစ်ဦးနှစ်ဖက်စာရင်းရှင်းလင်းရသေးခြင်းမရှိခြင်း၊တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊(၂)တရားပြိုင်မှာ အရောင်းအဝယ်ပြုသည့်ကိစ္စတွင်ပါဝင်မှုမရှိသဖြင့် အမှုမှဖယ်ထုတ်ပေးသင့်ကြောင်း ပြောင်းဆံအိတ် ၇၉၃အိတ်သော်လည်းကောင်း ယင်းတန်ဖိုး၈၅၂၀၇၈၅ိ/- သော်လည်းကောင်းပေးဆပ်ရန်တာဝန်မရှိကြောင်း၊တရားလိုနှင့်(၁)တရားပြိုင်တို့သည် (၁)တရားပြိုင်ပေးပို့သော ပြောင်းဆံအိတ်စာရင်း (၁)တရားပြိုင်ထုတ်ယူသော ငွေစာရင်းတို့ကို တရားလိုနှင့်နှစ်ဦးနှစ်ဖက်စာရင်းရှင်းလင်းရခြင်းမရှိ၍ တရားလိုသည်စာရင်းရှင်းလင်းပေးစေလိုမှုသာစွဲဆိုရမည်ဖြစ်ကြောင်း၊(၂)တရားပြိုင်သည်အရောင်းအဝယ်ပြုရာတွင်ပါဝင်ပတ်သက်မှုမရှိသဖြင့်အမှုသည်အဖြစ်မှဖယ်ထုတ်ပေးသင့်ကြောင်း၊တရားလိုမှတရားပြိုင်သို့ တရားလိုထံတွင်အပ်ထားသောပြောင်းဆံ ၁၀၇အိတ်၊ပြေစာအမှတ်(၅)တွင်ရရန်ကျန်သည့် ငွေ ၈၇၇၅ိ/-၊၆. ၆. ၁၄နေ့တွင် ပေးအပ်သောပြောင်းဆံ အိတ် ၂၀၀မှ ကျန်ငွေ ၁၆၇၀၀၀ိ/-စုစုပေါင်း ၁၅၃၈၇၅ိ/-ကို တရားပြိုင်သို့ပေးရန်တာဝန်ရှိကြောင်းဖြစ်၍ တရားလို၏အမှုအားစရိတ်နှင့်တကွပလပ်ပေးပါရန်ချေလွှာတင်သွင်း

ခဲ့သည်။

တရားပြိုင်များက ပြင်ဆင်ချေလွှာတင်သွင်းခဲ့သော်လည်း ရုံးတော်မှ ခွင့်မပြုကြောင်းဖြင့်အမိန့်ချမှတ်ခဲ့သည်။တရားလို၊တရားပြိုင်များ ၏ဆိုလွှာ၊ချေလွှာ၊ မေးခွန်းများကျမ်းကျိန်ဖြေဆိုချက်များအရ အောက်ပါရုံးငြင်းချက်များကိုထုတ်နုတ်ခဲ့ သည်။

**ရုံးငြင်းချက်များ**

၁။တရားလိုသည် တရားပြိုင်များထံမှ ပြောင်းဆံ ၅၆၀အိတ်ဖိုးအနက်မှ ပြောင်းဆံ ၇၉၃အိတ် (သို့မဟုတ်)(၇၉၃)အိတ်၏ တန်ဖိုး ငွေကျပ် ၈၅၂၀၇၈၅/-တိတိကို လက်ရောက်ပြန်လည်ရရန် ရှိသည်ဆိုတာမှန်သလား။

၂။(၁)တရားပြိုင်သည် တရားလိုထံမှသာ ပြောင်းဆံ ၃၀၇အိတ်ဖိုးအတွက် ငွေ၁၅၃၈၇၅၀/-ကိုရရန်ရှိပြီး တရားလိုသို့ပြောင်းဆံအိတ်ဖိုးပေးရန်မရှိဆိုတာမှန်သလား။

၃။(၂)တရားပြိုင်သည် တရားလိုနှင့်(၁)တရားပြိုင်တို့ အရောင်းအဝယ်ပြုခြင်းကိစ္စတွင် ပါဝင်ခြင်းမရှိခဲ့၍ အမှုမှပယ်ထုတ်သင့်သည်ဆိုတာမှန်သလား။

၄။တရားလိုသည်မည်သည့်သက်သာခွင့်ကိုရထိုက်သနည်း။

(တရားလိုဘက်ကစတင်စစ်ဆေးမည်)။

အထက်ပါငြင်းချက်များထုတ်နုတ်ပြီးနောက် အမှုအားဖြေဆိုဆုံးဖြတ်ရန်အဆင့်တွင် ငြင်းချက်စဉ်(၂)၌ ပြောင်းဆံ ၃၀၇အိတ်ဟု ဂဏန်းမှားယွင်းနေသဖြင့် ငြင်းချက်စဉ်(၂)အားဖြေဆိုဆုံးဖြတ်နိုင်ရန်အတွက် (၁)တရားပြိုင်သည်တရားလိုထံမှ သာပြောင်းဆံ ၁၀၇အိတ်ဖိုးအပါအဝင် ငွေ ၁၅၃၈၇၅၀/-ရရန်ရှိသည်ဆိုတာမှန်သလား ဟုပြင်ဆင်ထုတ်နုတ်ခဲ့ပြီး နှစ်ဖက်အကျိုးဆောင်များက ပြင်ဆင်ထုတ်နုတ်သော ငြင်းချက်စဉ်(၂)နှင့်ပတ်သက်၍ သက်သေခံချက်အသစ်ပေးရန်မရှိကြောင်း၊လျှောက်လဲချက်ပေးရန်လည်းမရှိပါကြောင်းတင်ပြခဲ့သဖြင့်အမှုမှ ငြင်းချက်များကိုဖြေဆိုသွားမည်။

## ငြင်းချက်(၁)

တရားလိုက ၅. ၅. ၁၄မှ ၆. ၆. ၁၄နေ့ထိ အရောင်းအဝယ်ပြုခဲ့သော စာရင်းမှတ်တမ်းများအရ ၇၉၃အိတ်တရားပြိုင်များထံက ရရန်ကျန်သည်ဆိုကာယခု အမှုစွဲဆိုခြင်းဖြစ်သည်။၎င်းကထိုသို့ ၇၉၃အိတ်ဖိုးရရန်ကျန်ကြောင်း ငွေထုတ်ပေးသည့် စာရင်း ၊ဂိုဒေါင်ချစာရင်းများ၊အရောင်းအဝယ်ပြုသည့် ဘောက်ချာဖြတ်ပိုင်းများကို သက်သေခံအဖြစ်တင်ပြထားသည်။

(၁)တရားပြိုင်ကိုမျိုးဝင်းလက်မှတ်ရေးထိုးထားသော ငွေထုတ်စာရင်းစာအုပ်ကို သက်သေခံ"က"အရတင်ပြထားသည်။ယင်းသက်သေခံ"က"မှတ်တမ်းစာအုပ်တွင်

ကိုမျိုးဝင်းက ငွေများကို နေ့စွဲအလိုက် လက်မှတ်ရေးထိုးထုတ်ယူထားကြောင်းတွေ့ ရသည်။သက်သေခံ"က"ပါ ၅. ၅. ၁၄နေ့မှ ၃. ၆. ၁၄နေ့ထိ အရောင်းအဝယ်ပြု သော ပြောင်းအိတ်အရေအတွက် ၊ငွေပမာဏ စာရင်းများ သည်တရားပြိုင်ဘက်ကတင်ပြ ထားသော သက်သေခံ"၂"မှ သက်သေခံ"၇"ထိ ပါ စာရင်းများနှင့် ငွေပမာဏ၊အိတ် အရေအတွက်ကိုက်ညီမှုရှိကြောင်းတွေ့ရသည်။သက်သေခံ"က"ပါစာရင်းနှင့် သက်သေခံ "၂မှ သက်သေခံ ၇ထိပါစာရင်းအရ ရောင်းချဘောက်ချာဖွင့်သည့် ပြောင်းအိတ် အရေ အရေအတွက်မှာ ၅၄၆၀အိတ်ဖြစ်ပြီး ၆. ၆. ၁၄နေ့ရောင်းချသည့် ၂၀၀အိတ်ပါပေါင်း ပါက ၅၆၆၀အိတ်ဖြစ်ကြောင်းသက်သေခံ "က၊စ"ပါမှတ်တမ်းစာအုပ်အရတွေ့ရသည်။ တရားလိုက ဂိုဒေါင်တွင်လက်ခံထားသော ပြောင်းပို့ကုန်စာရင်းကို သက်သေခံ"င" အဖြစ်တင်ပြထားသည်။ယင်းမှတ်တမ်းတွင် ပို့သူကုန်သည်၊ပိုင်ရှင်၊ပို့သည့်ထော်လာဂျီ သမားများက လက်မှတ်ရေးထိုးထားသည်ကိုတွေ့ရပြီး ၃. ၅. ၁၄နေ့မှ စတင်စာရင်း အသစ်မှတ်ရာ ထိုနေ့က ၂၀၀အိတ်၊၄. ၅. ၁၄နေ့မှ ၈. ၅. ၁၄နေ့ထိ ၁၁၉၉အိတ်၊ ၁၄. ၅. ၁၄နေ့မှ ၁၉. ၅. ၁၄နေ့ထိ ၂၀၃အိတ်၊၂၀. ၅. ၁၄နေ့မှ ၂၄. ၅. ၁၄နေ့ထိ ၄၃၀အိတ်၊၂၅. ၅. ၁၄နေ့မှ ၃၁. ၅. ၁၄နေ့ထိ ၁၁၁၈အိတ်၊၃၁. ၅. ၁၄ခနေ့မှ ၁. ၆. ၁၄နေ့ထိ ၁၁၅၆အိတ် ထိုနေ့များပေါင်း ၄၃၀၆အိတ်ဖြစ်ကြောင်းအဆင့်ဆင့် စာရင်းပေါင်းထားချက်အရတွေ့ရသည်။ယင်းစာရင်းတွင်နေ့စွဲအလိုက်(၁)တရားပြိုင် ကိုမျိုးဝင်းကလက်မှတ်ရေးထိုးထားပြီး သက်သေခံ"က"စာအုပ်ပါ ရှင်းတမ်းအရ တရားလိုကအပ်ပြောင်း အဖြစ် ၂၆. ၄. ၁၄နေ့မှ ၃၀. ၄. ၁၄နေ့ထိ ၅၆၁အိတ် ကို တရားပြိုင်များထံကလက်ခံယူခဲ့သော အပ်ကုန်ပြောင်းဖြစ်သည်ဟု ဖော်ပြထား၍ ယင်း ၅၆၁အိတ်ကို တရားလို၏တင်ပြချက်အရ ပြောင်းပို့သည်စာရင်းတွင်ထည့်သွင်းပေါင်း မည်ဆိုပါကလည်း တရားပြိုင်များအတွက်နစ်နာရန်အကြောင်းမရှိ၊အကျိုးရှိဖွယ်သာတွေ့ ရသည်။သို့ဖြစ်၍ တရားပြိုင်များပြောင်းပို့လက်ခံခဲ့သော ပြောင်းအိတ်မှာ သက်သေခံ "င"ဂိုဒေါင်ပို့စာရင်းအရ ၄၃၀၆အိတ်နှင့် အပ်ကုန်ပြောင်း ၅၆၁အိတ် ဖြစ်၍ နှစ်ရပ် ပေါင်း ၄၈၆၇အိတ်ဆိုသည်မှာ စာရင်းများအရ အမှန်ဖြစ်သည်ဟုကောက်ယူရသည်။

ယခုအမှုအား ပြောင်းပို့ကုန်၊ထုတ်ငွေ စာရင်းမရှင်းလင်းသေးဘဲ စွဲဆို လာခြင်းဖြစ်၍ တင်ပြသည့်သက်သေခံအထောက်အထားအရ သာအမှုအားဆုံးဖြတ် သွားရန် ဖြစ်သည်။သက်သေခံ"က"နှင့် သက်သေခံ "စ" ၊သက်သေခံ"၂"မှ "၇"ထိပါ" တို့အရ တရားလိုဝယ်ယူခဲ့သော ပြောင်းအိတ်မှာ ၅၆၆၀အိတ်ဖြစ်ပြီး သက်သေခံ"င" ၊"စ" ၊သက်သေခံ"က"မှတ်တမ်းစာအုပ်ပါ စာရင်းတို့အရ တရားလိုထံသို့ တရားပြိုင် များ ပို့ခဲ့သော ပြောင်းဆံအိတ်များမှာ ၄၈၆၇အိတ်သာဖြစ်၍ ပို့ရန်ကျန်သည့်အိတ် အရေအတွက်မှာ ၇၉၃အိတ်ဖြစ်ကြောင်းတွေ့ရသည်။

တာဝန်ခံမိတ္တူ။

အကြီးတန်းစာရေး

တရားမကြီးမှုအမှတ် ၃၄/၂၀၁၄ စီရင်ချက်အဆက်စာမျက်နှာ ၇

၆. ၆. ၁၄နေက ၂၀၀အိတ် အတွက်ဘောက်ချာဖြတ်ထားပြီး ၂၀သိန်း (၁)တရားပြိုင်က ထုတ်ယူခဲ့ကြောင်း သက်သေခံ"ခ"အရ တွေ့ရသော်လည်း ဂိုဒေါင် ချအိတ်စာရင်းတွင် ၃.၀.၆.၁၄နေ့နောက်ဆုံးထားပေးပို့ထားခြင်းသာတွေ့ရသဖြင့် ယင်း ၂၀၀အိတ်အတွက်တရားပြိုင်များဘက်က ပြောင်းပို့ရန်ကျန်သည်ဟုသာကောက်ယူရသည်။

တင်ပြသည့်မှတ်တမ်းများနှင့်ဂိုဒေါင်အလုပ်သမား ကိုစိုးသန်း၊ကျန်လိုပြသက်သေများထွက်ချက်အရလည်း ငွေရှင်းဘောက်ချာဖြတ်ပြီးမှ ပြောင်းအိတ်ပို့သည့်အလေ့အထကိုသုံးသည်ဟုသုံးသပ်ရသည်။

ထိုသို့ဆိုလျှင် ဘောက်ချာများအရ တရားလိုဝယ်ယူခဲ့သော ပြောင်းအိတ် ၅၆၆၀အိတ်ဖြစ်ပြီး ဂိုဒေါင်သို့ ၄၃၀၆အိတ်နှင့် အပ်ပြောင်းလက်ခံ ၅၆၁အိတ် ပေါင်း ၄၈၆၇အိတ်ဖြစ်၍ ၅၆၆၀ မှ ၄၈၆၇အိတ်ကိုနုတ်ပါက ၇၉၃အိတ်တရားပြိုင်များက တရားလိုထံ ပြောင်းအိတ်ပို့ရန်ကျန်သေးကြောင်းထင်ရှားသည်။တရားပြိုင်များက ယင်း သက်သေခံ"က"နှင့်သက်သေခံ "င"ပါ လက်မှတ်များမှာ(၁)တရားပြိုင်လက်မှတ်မဟုတ်ဟုငြင်းဆိုထားခြင်းမရှိ။ယင်းမှတ်တမ်းပါ ရေးသားချက်များမှာ မဟုတ်မမှန် ဟုလည်း အထောက်အထားဖြင့် တင်ပြချေပနိုင်ခြင်းမရှိပေ။

ပြောင်းဆံများပို့အပ်ရောင်းချသည့်နေ့ရက်များအလိုက် တစ်ရက်နှင့် တစ်ရက်ပေါက်ဈေးမတူဘဲ ၇၉၃အိတ်မှာ မည်သည့်နေ့ရက်ကဖြတ်ထားသည့် ကုန် အတွက် ပို့ရန်ကျန်သည့်အိတ်များဖြစ်ပါသည်ဟု တရားလိုက တင်ပြထားခြင်းမရှိဘဲ ၇၉၃အိတ်၏တန်ဖိုး ကို ၈၅၂၀၇၈၅/-အဖြစ် တွက်ချက်တောင်းခံထားသည်။ယင်းသို့ တွက်ချက်တောင်းခံထားသည့်အပေါ် တရားပြိုင်များဘက်ကလည်း တစ်စုံတရာချေပမှုမပြုခဲ့ပေ။

သို့ဖြစ်၍တရားလိုသည် တရားပြိုင်များထံမှ ပြောင်းဆံ ၇၉၃အိတ်(သို့မဟုတ်)၇၉၃အိတ်၏တန်ဖိုး ၈၅၂၀၇၈၅/-ကို လက်ရောက်ပြန်ရရန် ရှိသည်ဆိုတာမှန်ကန်ကြောင်းငြင်းချက်(၁)အားဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

(၁)တရားပြိုင်သည် တရားလိုထံက ပြောင်းဆံ ၁၀၇အိတ်ဖိုးရရန်ရှိသည်ဆိုသည့်အချက်နှင့်ပတ်သက်ပြီး မည်သည့်စာမှတ်စာတမ်းအထောက်အထားမှတင်ပြနိုင်ခြင်းမရှိပေ။ပြေစာအမှတ်(၅)တွင်ရရန်ကျန်သည်ဆိုသည့် ၈၇၇၅၀/၆. ၆. ၁၄နေ့တွင်ကျန်သည့် ၁၆၇၀၀၀/-တို့မှာလည်းတရားလိုတင်ပြသည့် ပြောင်းပို့လက်ခံစာရင်း၊ငွေထုတ်ပေးသည့်စာရင်းများအရ ထိုဘောက်ချာများပါငွေများ ထည့်သွင်း ရှင်းပြီးကြောင်း တွေ့ရသည်။ တရားပြိုင်တို့ဘက်က တင်ပြ ထားသော

ထိုက်ဆိုင်စစ်ဆေးရာ
... ကာဝန်ယူသည်

တာဝန်ခံပိတ္တူ

ရေးကူးသူ

(ဦးအောင်ထွန်းဦး)
အကြီးတန်းစာရေး
ဇလွန်မြို့နယ်တရားရုံး

(ဒေါ်...)
အဆင့်(၁)စာရေး
ဇလွန်မြို့နယ်တရားရုံး

သက်သေခံ"ဂ၊ဇ၊၁၀"တို့တွင် တရားလိုဘက်သို့ထိုစာရင်းအတိုင်းဂိုဒေါင်ချသည်မှာ မှန်ကန်ကြောင်း လက်မှတ်တစ်စုံတရာလည်း ပါဝင်ခြင်းမရှိပေ။ယင်းစာရင်းပါ အိတ်အရေအတွက်အတိုင်းတရားပြိုင်များက ထိုသို့ ပြောင်းအိတ်များချပေးခဲ့သည်မှာ အမှန်ဖြစ်သည်ဟု တထစ်ချမှတ်ယူမရပေ။ယင်းမှတ်တမ်းပါအချက်များမှန်ကန် ကြောင်း အခြားလုံလောက်သော ငယ်စာရင်းစာအုပ်တစ်စုံ တရာကိုလည်းတင်ပြနိုင်ခြင်း မရှိပေ။ သို့ဖြစ်၍ ၁၀၇အိတ်ဖိုး ရရန်ရှိပါသည်ဆိုသော (၁)တရားပြိုင် ၏ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

ထိုသို့ဆိုပါက (၁)တရားပြိုင်သည် တရားလိုထံက ပြောင်းဆံ ၁၀၇အိတ် ဖိုး အပါအဝင်၁၅၃၈၇၅ဝိ/-ရရန်ရှိတာမမှန်ကန်ကြောင်းနှင့်တရားလိုသို့လည်း ပြောင်းဆံအိတ်ဖိုးပေးရန် ရှိသည်ဆိုတာမှန်ကန်ကြောင်း ငြင်းချက်(၂)အား ဖြေဆို လိုက်သည်။

**ငြင်းချက်(၃)**

တရားလိုဘက်က တင်ပြသောသက်သေခံ"က၊ခ၊င"တို့အရ ငွေထုတ်ယူသူ၊အရောင်းအဝယ်ဘောက်ချာဖြတ်သူ၊ဂိုဒေါင်သို့ပို့ပိုင်ရှင်အမည်တို့တွင် (၁)တရားပြိုင်ကိုမျိုးဝင်းအမည်ကိုသာ ရေးသားဖော်ပြထားသောမှတ်တမ်းများတွင် (၂)တရားပြိုင်အနေဖြင့် ငွေထုတ်ယူထားသည့်လက်မှတ်တစ်စုံတရာပါရှိကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။

သို့ဖြစ်၍ (၂)တရားပြိုင်သည် ပြောင်းဆံအရောင်းအဝယ်ပြုရာတွင်ပါ ဝင်ပတ်သက်သည်ဟု ပေါ်ပေါက်ခြင်းမရှိသဖြင့် (၂)တရားပြိုင်အား အမှုသည်အဖြစ်မှ ဖယ်ထုတ်ပေးသင့်သည်မှာမှန်ကန်ကြောင်းငြင်းချက်(၃)အားဖြေဆိုလိုက်သည်။

**ငြင်းချက်(၄)**

အထက်ငြင်းချက်(၁)တွင်တရားလိုကိုစိုးဝင်းသည်(၁)တရားပြိုင်ထံမှ ပြောင်းဆံ ၇၉၃အိတ်(သို့မဟုတ်)ယင်းအိတ်တန်ဖိုးရရန်ရှိတာ မှန်ကြောင်းဖြေဆိုပြီး ဖြစ်ခြင်း၊ငြင်းချက်(၂) တွင်(၁)တရားပြိုင်က တရားလိုထံက ပြောင်းဆံ ၁၀၇အိတ်ဖိုး အပါအဝင် ၁၅၃၈၇၅ဝိ/-ရရန်ရှိသည်မှာ မမှန်ကြောင်းဖြေဆိုပြီးဖြစ်ခြင်း၊ ငြင်းချက်(၃)တွင်(၂)တရားပြိုင်ကို အမှုသည်အဖြစ်မှဖယ်ထုတ် ပေးသင့်ကြောင်း ဖြေဆိုပြီးဖြစ်ခြင်းများ အရ တရားလိုကိုစိုးဝင်းသည်(၁)တရားပြိုင် ကိုမျိုးဝင်းထံမှ ပြောင်းဆံ ၇၉၃အိတ်(သို့မဟုတ်)ယင်းတန်ဖိုး ၈၅၂၀၇၈၅/-အားစရိတ်နှင့် တကွရထိုက်ကြောင်းတရားလိုစွဲဆိုသည့်အတိုင်းဒီကရီချမှတ်သည်။(၂)တရားပြိုင် ဦးကြည်လင်အပေါ်စွဲဆိုထားမှုနှင့်ပတ်သက်၍ ပလပ်သည်။ရှေ့နေခ ၁၀၀ဝိ/-စီသတ် မှတ်သည်။

(ဉီးဇီလတ်)
မြို့နယ်တရားသူကြီး
လှော်ကားမြို့နယ်တရားရုံး